JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၈ | မြန်မာ

# အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ကဲ့သို့ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လေတပ်အစည်းအဝေးမတက်ရောက်ရန် JFM တောင်းဆို

ပြည်တွင်းနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများ၏ ကန့်ကွက်တောင်းဆိုမှုများကို ထောက်ရှု၍ လာမည့် အာဆီယံလေတပ်အကြီးအကဲများညီလာခံ (AACC) သို့ မတက်ရောက်ဘဲ အင်ဒိုနီးရှား၊ မလေးရှား နှင့် ဖိလစ်ပိုင်နိုင်ငံတို့နည်းတူ ငြင်းဆိုရန် ကျန်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို Justice For Myanmar က တောင်းဆိုလိုက်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားမဝင်စစ်အုပ်စုကို အာဆီယံကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်အားလုံးမှ ကန့်သတ်ပိတ်ပင်ရန်နှင့် မလိုက်နာပါက စစ်အုပ်စုပါဝင်သည့် မည်သည့် လုပ်ဆောင်ချက်ကိုမျှ တက်ရောက်ခြင်းမပြုပဲ ငြင်းဆိုကြရန် ကျွန်ုပ်တို့ တောင်းဆိုသည်။

မြန်မာစစ်အုပ်စု၏ လေတပ်ဦးစီးချုပ် ထွန်းအောင်သည် AACC ဥက္ကဋ္ဌဖြစ်ပြီး လက်ရှိတွင် လေကြောင်း စစ်ဆင်ရေးကို အသုံးပြု၍ အကြမ်းဖက်မှုများကျူးလွန်ခြင်း၊ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ် များအား သတ်ဖြတ်ခြင်း၊ နေအိမ်၊ စာသင်ကျောင်း၊ ဝတ်ပြုရာနေရာများနှင့် ကျေးရွာများ ဖျက်ဆီးခြင်း တို့ကို အမိန့်ပေး ညွှန်ကြားလျက်ရှိသည်။

AFP သတင်းဖော်ပြချက်အရ ထိုင်းလေတပ်ဦးစီးချုပ် တစ်ဦးတည်းသာ ၂၀၂၃ AACC အစည်းအဝေးသို့ တက်ရောက်ရန် အတည်ပြုထားပြီး စင်ကာပူ၊ ဘရူနိုင်းနှင့် ဗီယက်နမ်လေတပ်တို့က မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းမရှိဟု သိရသည်။

စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ နေပြည်တော်တွင် ကျင်းပမည့် အဆိုပါအစည်းအဝေးအား တက်ရောက်ခြင်းရှိ မရှိနှင့် ပတ်သက်၍ AFP သတင်းဌာနသို့ မှတ်ချက်ပေးရန် ကမ္ဘောဒီးယားလေတပ် ဦးစီးချုပ်မှ ငြင်းဆိုခဲ့သည်။

လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအား အပြစ်ပေးအရေးယူခံရခြင်းအလျဉ်းမရှိပဲ ကျူးလွန်နေသည့် မြန်မာ့ လေတပ်၊ ကြည်းတပ်နှင့် ရေတပ် တို့အား အာဆီယံမှ တိုက်ရိုက် ပံ့ပိုးကူညီမှုများ ဆက်လက်ပေးအပ်နေမှုအပေါ် Justice For Myanmar မှ ရှုတ်ချသည်။

စင်ကာပူသည် ဩဂုတ်လအတွင်းက ရုရှားစစ်တပ်နှင့် စစ်အုပ်စုတို့ ပူးတွဲဥက္ကဋ္ဌအဖြစ် နေပြည်တော်တွင် ကျင်းပသည့် <u>အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေး စာတွေ့စစ်ရေးလေ့ကျင့်မှု TTX</u> သို့ တက်ရောက်ရန် ငြင်းဆန်ခဲ့သည့် တစ်ခုတည်းသော အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။

စက်တင်ဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ရုရှားနိုင်ငံ၌ ကျင်းပရန်စီစဉ်ထားသော စစ်အုပ်စုမှ ပူးတွဲသဘာပတိအဖြစ် တာဝန်ယူမည့် အာဆီယံအကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေး မြေပြင်လက်တွေ့လေ့ကျင့်ခန်းကို အာဆီယံခေါင်းဆောင်များက ဖျက်သိမ်းရမည်။ သို့တည်းမဟုတ် အဆိုပါလေ့ကျင့်ခန်းကို ဆက်လက် ကျင်းပမည်ဆိုပါက တက်ရောက်ရန် ငြင်းဆန်ရမည်။

ပြည်တွင်းနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများသည် တရားမဝင် စစ်အုပ်စုနှင့် အာဆီယံအကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်နေမှုများကို အကြိမ်ကြိမ် ရှုတ်ချခဲ့ကြပြီး အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (ADMM) လှုပ်ရှားမှုများမှ အကြမ်းဖက်စစ်အုပ်စုကို ဖယ်ထုတ်ရန်နှင့် စစ်အုပ်စုပါဝင်သော ကာကွယ်ရေးလှုပ်ရှားမှုများကို သပိတ်မှောက်ရန် နိုင်ငံများကို တိုက်တွန်းထားသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ <u>မြန်မာ့အရေးတင်ပြချက်</u>တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က ထွန်းအောင်အား AACC ဥက္ကဋ္ဌ အဖြစ် အာဆီယံက ခန့်အပ်ခဲ့မှုအပေါ် ပြစ်တင်ရှုတ်ချခဲ့ပြီး “ရက်စက်ကြမ်းကြုတ်မှုတွေကို ကျူးလွန်ထားတဲ့လူတွေဟာ အာဆီယံရဲ့ ခေါင်းဆောင်မှုတာဝန်ကို ထမ်းဆောင်ဖို့ မသင့်ပါဘူး။ သူတို့ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် ပြစ်ဒဏ်ကျခံဖို့သာသင့်ပါတယ်။” ဟု ပြောကြားခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “AACC ကို တက်ရောက်ဖို့ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဖိလစ်ပိုင်တို့ ငြင်းဆိုလိုက်တာက စစ်အုပ်စုအပေါ် ထောက်ခံမှု ကျရှုံးနေပြီဆိုတဲ့ ရှင်းလင်း ခိုင်မာတဲ့ သတင်းစကား ပေးပို့လိုက်တာဖြစ်ပါတယ်။

အရေးယူခံရခြင်း လုံးဝမရှိဘဲ ရက်စက်ယုတ်မာမှုတွေ ကျူးလွန်နေတဲ့ စစ်ရာဇဝတ်ကောင်တွေအနေနဲ့ ဒေသတွင်းညီလာခံတစ်ခုရဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖို့ လုံးဝမဖြစ်သင့်ပါဘူး။

အခြားအာဆီယံလေတပ်အကြီးအကဲတွေအနေနဲ့ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဖိလစ်ပိုင်တို့ရဲ့ စံနမူနာကို အတုယူပြီး တရားမဝင်စစ်အုပ်စုနဲ့ အတူ AACC ကို တက်ရောက်ဖို့ ငြင်းဆန်သင့်ပါတယ်။

အာဆီယံအနေနဲ့ တရားမဝင် စစ်အုပ်စုနဲ့ လက်ရှိ AACC ဥက္ကဋ္ဌ စစ်ရာဇဝတ်ကောင် ထွန်းအောင် ဦးဆောင်တဲ့ လေကြောင်းတိုက်ခိုက်သတ်ဖြတ်မှုတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်ရပါမယ်။

အာဆီယံအနေနဲ့ မြန်မာနိုင်ငံအကျပ်အတည်းကို ဖြေရှင်းဖို့ သူ့ရဲ့ကိုယ်ပိုင်ကတိကဝတ်တွေကို လုံးဝ ဂရုမစိုက်ဘဲ ကိုယ်တိုင်ချိုးဖောက်ပြီး မြန်မာစစ်အုပ်စုအပေါ် တရားဝင်မှုနဲ့ ကူညီပံ့ပိုးမှုတွေပေးအပ် နေတာကို ရပ်တန့်ရပါမယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ အကြမ်းဖက်စစ်အုပ်စုကို ကာကွယ်ရေးဆိုင်ရာ အစည်းအဝေးတွေနဲ့ လှုပ်ရှားမှုတွေကနေ ကန့်သတ်ပိတ်ပင်ဖို့နဲ့ စစ်အုပ်စုက ပါဝင်လာတဲ့အခါ မတက်ရောက်ဘဲ ငြင်းဆိုဖို့ ကျွန်မတို့ အလေးအနက် တောင်းဆိုပါတယ်။”

**ပိုမိုသိရှိရန်**

AACC နှင့် ပတ်သက်သည့် ယခင်သတင်းထုတ်ပြန်ချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

အာဆီယံ အကြမ်းဖက်မှု တန်ပြန်တိုက်ခိုက်ရေး စစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ သတင်းထုတ်ပြန်ချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

ADMM နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ စုံစမ်းရေးသားမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/